
# သယ်ဆောင်ရလွယ်သောအလုပ်ခုံ၊ အမြင့်နေရာလုပ်ငန်း

## (၁) သယ်ဆောင်ရလွယ်သောအလုပ်ခုံ


### အလုပ်မလုပ်ခင်မဖြစ်မနေစစ်ဆေးရန်



# (၂) လှေကားကိုကျော်ပေးဆင်းရာမှချော်ကြခြင်း

## ဖြစ်ပွားမှုအခြေအနေ

လက်တစ်ဖက်တွင်ပစ္စည်းများကိုင်ထား၍
လှေကားကိုကျော်ပေးကာဆင်းခြင်းမှ
ခြေချော်၍ပြုတ်ကျခြင်း။



## လိုက်နာရန်အချက်

① လက်ထဲတွင်ပစ္စည်းများကိုင်၍မဆင်းရန်
② လှေကားကိုကျော်ပေးမဆင်းရန်
③ လှေကားဘေးတန်းကိုကိုင်၍ဆင်းရန်



# (၃) တန်ပြန်အားသက်ရောက်သောလုပ်ငန်းလုပ်ဆောင်စဉ်ပြုတ်ကျမှု



## ဖြစ်ပွားမှုအခြေအနေ

ကြိုးဘောင်တပ်ဆင်ခြင်းလုပ်ငန်းတွင်၊ကြိုးဘောင်နေရာအားအနည်းငယ်ရွှေ့ရန်အားထည့်၍ကြိုးဘောင်အားတွန်းစဉ်၊တန်ပြန်အားဖြင့်ခုံပေါ်မှပြုတ်ကျခြင်း။

## လိုက်နာရန်အချက်

① ၁။အလုပ်ခုံပေါ်မှနံရံနှင့်ပစ္စည်းများကိုတွန်းခြင်းဆွဲခြင်းမပြုရ။

② ၂။အလုပ်ခုံပေါ်တွင်မှီ၍အလုပ်မလုပ်ရ။

③ ၃။အလုပ်ခုံတပ်ဆင်ထားသောနေရာတွင်ပစ္စည်းများမထားရ။

# (၄) အဆင့်မညီသောနေရာများတွင်အလုပ်ခုံတပ်ဆင်ရာမှပြုတ်ကျခြင်း



## ဖြစ်ပွားမှုအခြေအနေ


လှေကားခုံထောင်ရာတွင်၊အောက်ခြေအမြင့်ညီစေရန်၊ကြမ်းပြင်၌အမြင့်၁၅စင်တီမီတာရှိသောခုံ(သို့)ပစ္စည်းတစ်ခုခံ၍ထောင်ထားပြီးထိုအခြေအနေအတိုင်းလှေကားခုံပေါ်တက်ရာမှဟန်ချက်မညီသဖြင့်ချော်ကျခြင်း။

## လိုက်နာရန်အချက်

① ၁။အမြင့်ညီရန်အတွက်,ခုံ(သို့)သေတ္တာပေါ်တင်၍လှေကားမထောင်ရန်။

② ၂။အလုပ်ခုံပေါ်တစ်ချိန်ထဲလူနှစ်ယောက်မတက်ရန်။

## (၅) အလုပ်ခုံပေါ်တွင်လှေကားတပ်ဆင်အလုပ်လုပ်ရာမှလှေကားပေါ်မှပြုတ်ကျခြင်း



### ဖြစ်ပွားမှုအခြေအနေ


အလုပ်ခုံမှာလိုအပ်သောအမြင့်မရှိသဖြင့်၊အလုပ်ခုံအပေါ်၌လှေကားတင်၍အလုပ်လုပ်ရာလှေကားလှုပ်၍ဟန်ချက်မညီသဖြင့်ပြုတ်ကျခြင်း။

### လိုက်နာရန်အချက်

① ၁။သယ်ဆောင်လွယ်အလုပ်ခုံပေါ်တွင်လှေကား၊အနင်းခုံများတင်၍အလုပ်လုပ်မလုပ်ရန်။

② ၂။သင့်တော်ဆီလျော်သောအမြင့်တွင်အလုပ်ခုံကိုနေရာချထားရန်။

## (၆) အလုပ်ခုံခြေထောက်သည်အလုပ်ခုံ၏အောက်ခြေရှိအဖွင့်ပေါ်ကျ၍ပြုတ်ကျခြင်း




### ဖြစ်ပွားမှုအခြေအနေ

အလုပ်ခုံခြေထောက်အားသတိမထားလျက်ခင်းရာအောက်ခြေရှိကွန်ကရစ်အပေါက်ငယ်အတွင်းသို့အလုပ်ခုံခြေကျကာခုံပေါ်မှလူပြုတ်ကျခြင်း

### လိုက်နာရန်အချက်

မတပ်ဆင်ခင်ခုံအောက်ခြေနေရာများအားသေချာစွာစစ်ဆေးပြီးမှတပ်ဆင်ပါ။

## (၇) အမြင့်လုပ်ငန်းယာဉ်များမှားယွင်းစွာလည်ပတ်မှုကြောင့်ဖြစ်ပေါ်သောအန္တရာယ်



### ဖြစ်ပွားမှုအခြေအနေ

အမြင့်လုပ်ငန်းယာဉ်ဖြင့်သံကူကွန်ကရစ်တပ်ဆင်စဉ်၊အနေအထားမမှန်စွာလည်ပတ်မှုကြောင့်ခန္ဓာကိုယ်သည်လီဗာအားထိမိ၍ကြိုးဘောင်ကြားညပ်မိခြင်း။

### လိုက်နာရန်အချက

① ၁။လီဗာရှိသည့်နေရာအားသေချာစွာစစ်ဆေးပြီးမထိမိရန်သတိပြုပါ။

② ၂။ ကျိုးကြောင်းဆီလျော်မရှိသောကိုယ်ဟန်အနေအထားဖြင့်အလုပ်မလုပ်ပါနှင့်။

③ ၃။ ရွေ့လျားခြင်းမပြုမီအလုပ်ခုံကိုလျှော့ချပါ။

## (၈) အမြင့်လုပ်ငန်းယာဥ်ဖြင့်လုပ်ငန်းလုပ်ဆောင်စဥ်ထိခိုက်ဒဏ်ရာမဖြစ်ပွားစေရန်

- အလုပ်ခုံအားလုံးဝကျော့ပေးမဆင်းရန်
- မှီ၍အလုပ်မလုပ်ရန်
- အလုပ်ခုံပေါ်တွင်နံရံနှင့်ပစ္စည်းများကိုတွန်းခြင်းဆွဲခြင်းများမလုပ်ရန်
- အလုပ်ခုံအားမြေမျက်နှာပြင်ညီညာသောနေရာတွင်အချောချတပ်ဆင်ရန်
- အလုပ်ခုံပေါ်တွင်လှူယောက်တစ်ချိန်ထဲတက်၍အလုပ်မလုပ်ရန်
- အမြင့်မလုံလောက်သဖြင့်အလုပ်ခုံပေါ်လှေကားထောင်၍လုပ်ဆောင်ခြင်းမပြုရန်
- အမြင့်လုပ်ငန်းယာဥ်ဖြင့်အလုပ်လုပ်စဥ်၊ပစ္စည်းများပေါ်မတက်နင်းမိစေရန်
- အမြင့်လုပ်ငန်းယာဥ်ပေါ်တွင်မဆီလျော်မသင့်တော်သောကိုယ်နေဟန်ဖြင့်အလုပ်မလုပ်ရန်

**ဆိုက်ထဲတွင်အလုပ်လုပ်နေစဥ်၊မိမိသည်အန္တရာယ်ရှိသောနေရာတွင်အလုပ်လုပ်နေသည်ကိုမမေ့လျော့သင့်။လူတွေဟာသူတို့ပတ်ဝန်းကျင်နဲ့အသားကျတတ်ကြသည်။အမြဲတမ်းသင်အန္တရာယ်နှင့်ကြုံတွေ့ရတတ်ကြောင်းသတိရပါ။**